ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်



ကမာမိုကျေးရွာအုပ်စု၊ကမာမိုကျေးရွာ

၂၀၂၃ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ....................3

၂။ ကမာမိုကျေးရွာတည်နေရာပြမြေပုံ ....................4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ....................5

၄။ ကျေးရွာအခြေခံအချက်အလက်များ ....................5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ....6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ....................8

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................... 16

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း .................... 17

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)....................**Error! Bookmark not defined.**

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)....................**Error! Bookmark not defined.**

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)....................**Error! Bookmark not defined.**

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)....................**Error! Bookmark not defined.**

၁၃။ အစည်းအဝေးမှတ်တမ်းများ ....................**Error! Bookmark not defined.**

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ .................... 19

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ .................... 20

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ .................... 20

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ


MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Taw Ka Nar
Ka Lwi
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Mu Yit Gyi
Chaungzon
Kha Yaik Thit
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Se Pa Lar
Mu Yit Kalay
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Yangon
Kayin
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ကမာမိုကျေးရွာတည်နေရာပြမြေပုံ



## ၃။ ကမာမိုအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ကမာမိုကျေးရွာအုပ်စု | ကမာမိုကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ကမာမိုကျေးရွာ

ကျေးရွာအုပ်စုအမည် - ကမာမိုကျေးရွာအုပ်စု

လူဦးရေ - ကျား - ၄၂၇၅၊ မ ၄၇၉၁၊ စုစုပေါင်း ၈၂၉၆ ဦး

အိမ်ထောင်စု - ၁၂၇၃စု

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး -မူလတန်းကျောင်း၊ မူကြိုကျောင်း၊အ.ထ.ကကျောင်း၊အလယ်တန်းကျောင်း

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း၊ စေတီ၊ ဇရပ်၊ ဈေး၊ အုပ်ချုပ်ရေးမှုးရုံး၊

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ကိုင်း၊ ကျဘမ်း

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊

အခြားဆက်နွယ်မှု ရှိ/မရှိ - ရွာချင်းဆက်များနှင့်ချိတ်ဆက်မှုရှိ

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 3.10.2017 | ကျေးရွာလူထု | 72 | 87 | 159 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၄င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 3.10.2017 | ကျေးရွာလူထု | 72 | 87 | 159 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဉစ္စာခေန ကြွယ်ဝမှုများ၊ ပိုင်ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 3.10.2017 | ကျေးရွာလူထု | 72 | 87 | 159 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာအတွင်း ရာသီအလိုက် လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု အပြောင်းအလဲများကိုဆွေးနွေးခြင်း။<br>- အစားရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံးအတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 4.10.2017 | ကျေးရွာလူထု | 68 | 97 | 465 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကိုလုပ်ဆောင်နေသည့် ရွာအတွင်းရွာပြင်ပရှိအဖွဲ့အစည်းများကိုသိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 4.10.2017 | ကျေးရွာလူထု | 68 | 97 | 465 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning) | 4.10.2017 | ကျေးရွာလူထု | 68 | 97 | 465 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 4.10.2017 | ကျေးရွာလူထု | 68 | 97 | 465 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖေ ာ် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




## ကမာမို**ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

ကမာမိုကျေးရွာတွင် ဗမာတိုင်းရင်းသားအများစုနေထိုင်ကြသည်။ အိမ်ထောင်စု (၁၂၇၃) စုခန့်ရှိပြီး လယ်ကွင်းအတွင်းတွင် တည်ရှိသည့်ရွာဖြစ်သည်။ အခြားမွန်တိုင်းရင်းသားအနည်းငယ် လည်းနေထိုင်ကြသည်။ အိမ်ထောင်စု (၁၂၇၃) စုရှိသည့်အနက် ၁၂၅၀ ကျော်မှာ အမျိုးသားဦးဆောင်သောအိမ်ထောင်စုဖြစ်ပြီး ကျန်အိမ်ထောင်စု (၂၃) စုခန့်မှာ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုဖြစ်ကြောင်းတွေ့ရသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာ၊ ကိုင်း၊ ကျွန်းလုပ်ငန်း၊ ၊တို့ဖြစ်ပြီး ပန်းရံ၊ လက်သမားအလုပ်နှင့် ကျဘမ်းအလုပ်များကိုလည်း လုပ်ကိုင်ကြသည်။ လူငယ်အများစုမှာ ပြည်ပနိုင်ငံများဖြစ်သည့် ယိုးဒယား၊ မလေးရှားနှင့် ကိုးရီးယားနိုင်ငံတို့တွင် သွားရောက်လုပ်ကိုင်နေကြသည်။

ကျေးရွာ၏ ဘာသာရေးအဆောက်အဦးအနေဖြင့် ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းနှင့် စေတီများရှိသည်။ လူမှုရေးအရင်းအမြစ်အနေဖြင့် အမက ကျောင်း၊ မူကြိုကျောင်း၊ အုပ်ချုပ်ရေးမှူးရုံး တို့ရှိကြသည်။ အမကနှင့် မူကြိုကျောင်းဝင်းသည် လယ်ကွက်မြေဖြစ်သဖြင့် မိုးတါင်းအခါ ရေမြုပ်ပြီး ကျောင်းသားများ ဆော့ကစားရန် စက်ဘီးများထားရန် နေရာအခက်အခဲနှင့် ကြုံတွေ့နေရသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လူထုဗဟိုပြုစီမံကိန်းမှ (၂) နှစ်တာကွန်ကရစ်လမ်းများခင်းပေးခြင်း ကြောင့်ကျေးရွာတွင်းတွင် လမ်းပန်းဆက်သွယ်ရေးအတော်ကောင်းမွန်လာပြီးဖြစ်သည်။ ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးများ မကောင်းမွန်သေးခြင်း၊ စီးပွားရေး ဖွံ့ဖြိုးမှုနှောင့်နှေးနေခြင်း တို့ကြောင့် ပညာရေးကို အားပေးမှုနည်းပါးနေပါသည်။ စီးပွားရေးအခြေအနေဖြင့် ကျေးရွာလူထုအများ စုသည် လယ်လုပ်ကြပြီး စိုက်ပျိုးကြသည်။ အလုပ်အကိုင်ရှားပါး သောကြောင့် လူငယ်အများစုမှာ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြသည် များလည်းရှိသည်။

ကမာမိုကျေးရွာအနေဖြင့် တဖြည်းဖြည်းတိုးတက်လာသည်ကို တွေ့ရသည်။ မော်လမြိုင်မြို့နှင့်တံတားဆက်သွယ်ထားပြီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးတိုးတက် ကောင်းမွန်လာသည်။ ရောင်းဝယ်ဖောက်ကားရေးလည်း အဆင်ပြေလာသည်။ လျှပ်စစ်မီးများလည်း ရရှိသုံးစွဲနိုင်ပြီဖြစ်သောကြောင့် လူနေမှုအဆင့်နှင့်နေထိုင်ပုံများလည်း တိုးတက်လာသည်။ ကျေးရွာ၏ရုပ်ပိုင်းဆိုင်ရာများတဖြည်းဖြည်းတိုးတက်လာပြီး ရေရှည်ဆက်လက်တည်တံ့သွားနိုင်ရန် ကျေးရွာသူ/သားများ၏ အတွေးအခေါ်မြှင့်တင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းများ လုပ်ပေးရန်လိုအပ်မည်ဖြစ်သည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်





ကမာမို**ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ကမာမိုကျေးရွာလူထု၏ ကျန်းမာရေး၊ ပညာရေး၊ အရင်းအမြစ်များကို ပြုပြင်ထိန်းသိမ်း ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေသည့် အဖွဲ့အစည်း (၂၀) ခန့်ရှိသည်ကို တွေ့ရသည်။ ၄င်းတို့ကို ကျေးရွာအတွင်းတွင်ဖွဲ့စည်းထားသည့်အဖွဲ့များနှင့် ကျေးရွာပြပတွင် အခြေစိုက်ထားသည့်အဖွဲ့များဟူ၍ ခွဲခြားထားသည်။ ဆင်းရဲနွမ်းပါးသူများ၊ နာရေးကိစ္စပေါ်ပေါက်လာပါက အကူအညီပေးနိုင်ရေးကိုကျေးရွာရှိ နာရေးကူညီမှုအဖွဲ့မှဆောင်ရွက်ပေးနေသကဲ့သို့ ကလေးသူငယ်များ၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် မိခင်နှင့်ကလေးအဖွဲ့မှလည်းကောင်း၊ အမျိုးသမီးများလုံခြုံမှုရရှိရေး၊ တရားဥပဒေအကာအကွယ်အပြည့်အဝရရှိစေရေးအတွက် အမျိုးသမီးရေးရာအဖွဲ့မှလည်းကောင်း၊ အရေးပေါ်သွေးသွင်းရန် လိုအပ်လာပါက အချိန်မီသွေးရရှိစေရန် သွေးလှူရှင်အဖွဲ့မှလည်းကောင်း ကူညီလုပ်ဆောင်ပေးနေကြသည်။ ပြည်သူ့စစ်အဖွဲ့၊ အရံမီးသတ်အဖွဲ့များမှလည်း အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ရပ်ရွာလုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးနေသည်။ အဖွဲ့အ

စည်းများသည် မိမိတို့၏ သက်ဆိုင်ရာတာဝန်အသီးသီးကိုဆောင်ရွက်နေကြသော်လည်း အချင်းချင်း ချိတ်ဆက်လုပ်ဆောင်နိုင်မှု အလွန်အားနည်းနေသေးသည်ကိုတွေ့ရသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း




| သတ်မှတ်ချက် | ပိုင်ဆိုင်မှုများ | အိမ်ထောင်စု |
|---|---|---|
| အဆင့် (၁) | လယ်မြေ (၁၀) ဧကနှင့်အထက်၊ လယ်ထွန်စက်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ တိုက်အိမ်၊ ဟာလာစက်၊ | ၁၅ |
| အဆင့် (၂) | လယ်မြေ (၅) ဧကနှင့်အထက်၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊ ငါးဖမ်းပိုက်၊ လှေ၊ လက်ဖက်ရည်/အအေးဆိုင်၊ ပျဉ်ထောင်အိမ်၊ ကျွဲ၊ နွား၊ | ၆၅ |
| အဆင့် (၃) | လယ်မြေဧက အနည်းအကျဉ်း၊ ပန်းရံ၊ လက်သမား၊ ကျွဲဘမ်းလုပ်ကိုင်သူ၊ ဖုန်း၊ ဆိုင်ကယ်၊ ဓနိမိုး၊ ထရံကာ၊ ခေါင်းရွက်၊ ဗျက်ထိုး၊ ကြက်၊ ဝက် | ၁၈၀ ခန့် |

ကမာမို**ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**

ကမာမိုကျေးရွာနေလူထုအများစုသည် လယ်ယာစိုက်ပျိုးခြင်း၊ ကျွဲဘမ်းလုပ်ကိုင်ခြင်းများပြုလုပ်ကြသည့်အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည်များလည်းရှိသည်။ ၄င်းတို့၏ စီးပွားရေးနှင့် ပိုင်ဆိုင်မှုများအပေါ်အခြေခံ ပြီးအဆင့် (၃) ဆင့်ခွဲခြားသတ်မှတ်ထားရာတွင် လယ်မြေ (၁၀) ဧကနှင့်အထက်၊ တိုက်အိမ်၊ ကား၊ ဟာလာစက်၊ ထော်လာဂျီ၊ ဆိုင်ကယ်တို့ရှိကြသူများကို ဆင့် (၁) ဟုသတ်မှတ်ထားပြီး စုစုပေါင်း (၁၅) အိမ်ထောင်စုခန့်ရှိသည်။ လယ်မြေ (၅) ဧကမှ (၁၀) ကကြား၊ လက်တွန်းထွန်စက်၊ ငါးဖမ်းပိုက်လှေ၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ ကုန်မာဆိုင်အလတ်စား၊ ပျဉ်ထောင်အိမ်၊ ကျွဲနွား စသည်တို့ကို ပိုင်ဆိုင်သည့် အိမ်ထောင်စုကို အဆင့် (၂) ဟုသတ်မှတ်ပြီး အိမ်ထောင်စု (၆၅) စုခန့်ရှိကြောင်း တွေ့ ရသည်။ ၄င်းအဆင့်ရှိ အိမ်ထောင်စုများသည် အများအားဖြင့် ပြည်ပတွင်သွားရောက်လုပ်ရာမှ ရရှိလာ သောငွေကြေးများကို မိမိတို့ကျေးရွာတွင် ပြန်လည်ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများအဆင်ပြေလာကြသူ များဖြစ်ကြောင်းတွေ့ရသည်။ လယ်မြေဧက အနည်းအကျဉ်း၊ ပန်းရံ၊ လက်သမားလုပ်ခြင်း၊ ကျွဲဘမ်းလုပ်ကိုင်ခြင်း၊ ခေါင်းရွက်ဗျက်ထိုးဈေးရောင်းခြင်း၊ ကြက်၊ ဝက်များမွေးမြူခြင်း၊ ဆိုင်ကယ်၊ စက်ဘီးရှိသူများကို ဥစ္စာဓနပိုင်ဆိုင်မှုအဆင့် (၃) ဟုသတ်မှတ်ထားရာ ၄င်းကျေးရွာတွင် အိမ်ထောင်စု (၁၈၀) ခန့်ရှိကြောင်းတွေ့ရသည်။ ၄င်းကဲ့သို့ အဆင့် (၃) တွင် အိမ်ထောင်စုအရေအတွက်များနေရ

ခြင်းမှာ အဓိကအားဖြင့် အလုပ်အကိုင်ရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများမဖွံ့ဖြိုးခြင်း၊ အရင်းအမြစ်သယံဇာတအားနည်းခြင်းများတို့ကြောင့်ဖြစ်ကြောင်းသိရသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



ကမာမို**ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

ကမာမိုကျေးရွာလူထုတစ်ရပ်လုံးပါဝင်ပြီး အမျိုးသား/သမီးတို့အကြားတွင်ဖြစ်ပေါ် လျက်ရှိသည့် အခြေအနေများအနက် အချက် (၁၀) ချက်ကို ပင့်ကူအိမ်သုံးသပ်ခြင်းဖြင့် ဆွေးနွေး ထားသည်။

ဘဝလုံခြုံမှုအပိုင်းတွင် အမျိုးသားများမှာ အဆင့် (၉) အထိရှိပြီး အမျိုးသမီးများမှာ အဆင့် (၆) သာရှိသည်ကိုတွေ့သည်။ အမျိုးသမီးများအနေဖြင့် လုံခြုံမှုအားနည်းနေသည်ဟု သုံးသပ်ရသည်။ အနီးပတ်ဝန်းကျင်ရွာတို့တွင် သက်ငယ်မုဒိန်းမှုဖြစ်ခဲ့သည်များကလည်း အမျိုးသမီးများ၏ဘဝလုံခြုံမှု အားနည်းခြင်းကိုဖော်ပြလျက်ရှိနေသည်။

ရပ်ရွာအရေးကိစ္စရပ်များတွင်ပါဝင်ခွင့်ရရှိမှုကဏ္ဍတွင်လည်း အမျိုးသားများကသာ ဦးဆောင်နေကြောင်းကို အဆင့်သတ်မှတ်ချက် (၈) ရရှိနေခြင်းကဖော်ပြနေသည်။ အမျိုးသမီးများမှာ အဆင့် (၆) တွင်ရှိပါသည်။ အမျိုးသမီးများကလည်း တန်းတူပါဝင်ခွင့်ရလာအောင် ကျား/မ ရေးရာကဏ္ဍအမြင် ပွင့်လာအောင် တွန်းအားပေးရဦးမည်ဖြစ်သည်။

ပညာသင်ကြားခွင့်တွင် တန်းတူအခွင့်အရေးရကြသည်ဟု ဆွေးနွေးကြသည်။ သို့သော်လည်း အတန်းပညာသင်ကြားခွင့်တွင် အမျိုးသမီးများမှ အခွင့်အလမ်းပိုသာပြီး အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေးအခွင့်တွင်မူ အမျိုးသားများမှ ပိုမိုအခွင့်အလမ်းများသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများသည် အကြမ်းခံနိုင်စွမ်းရှိခြင်း၊ လူမှုရေးထိန်းချုပ်ထားမှုများ မရှိခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းပညာပို၍ တတ်မြောက်ကြသည်။

အရင်းအမြစ်စီမံခန့်ခွဲအသုံးပြုခြင်းတွင် အမျိုးသားများနှင့် အမျိုးသမီးတန်းတူဖြစ်ကြောင်း တွေ့ရသည်။ အမျိုးများမှ အဆင့် (၇) နှင့် အမျိုးသမီးများမှလည်း အဆင့် (၇) ဖြစ်သည်။ ဤကဏ္ဍ တွင်လည်း ကျား/မ ရေးရာလွှမ်းမိုးမှုနည်းပါးသည်ဟု ပြောနိုင်ပါသည်။

ဥစ္စာခနပိုင်ဆိုင်မှုနှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင် အမျိုးသမီးများနှင့် အမျိုးသားများ သတ်မှတ်ချက်အဆင့်တူညီကြောင်းတွေ့ရသည်။ တစ်ဖက်သတ်လွှမ်းမိုးမှုအခြေအနေမရှိသလောက်နည်းသဖြင့် အမျိုးသမီးများမှလည်း ၄င်းတို့ကိုယ်တိုင် ယုံကြည်မှုရှိပြီး အမျိုးသားများနှင့် တန်းတူစွမ်းဆောင်ခွင့်၊ အကျိုးခံစားခွင့်ရှိကြောင်းတွေ့ရသည်။

ဝင်ငွေရရှိမှုအနေဖြင့် အမျိုးသားများမှ အဆင့် (၈) နှင့် အမျိုးသမီးများမှာ အဆင့် (၇) တွင်ရှိသည်ကို တွေ့ရသည်။ အမျိုးသားများမှ ဝင်ငွေပိုရှာနိုင်သည်ဟု ယူဆရသည်။ အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စများတွင် အချိန်ပေးနေရခြင်းကြောင့် ဝင်ငွေရှာဖွေရသည့်အလုပ်ကို အမျိုးသားများကဲ့သို့ မလုပ်ကိုင်နိုင်ခြင်းဖြစ်သည်။

ခေါင်းဆောင်မှုအပိုင်းတွင် အမျိုးများမှ အဆင့် (၉) တွင်ရှိပြီး အမျိုးသမီးများမှာ အဆင့် (၆) တွင်ရှိသည်။ အမျိုးသမီးများအနေဖြင့် ခေါင်းဆောင်မှု အနည်းငယ်အားနည်းနေသည်။ အမျိုးသမီးများ၏ ခေါင်းဆောင်မှုအပိုင်းကို ပိုမိုယူလာနိုင်စေရန်အတွက် အားပေးရဦးမည်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများမှာ အဆင့် (၈) ရှိပြီး အမျိုးသမီးများမှာ အဆင့် (၆) ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရရှိမှုနည်းခြင်း၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နည်းပါးခြင်းတို့ကိုပါအကြောင်းအကျိုး ဆက်နွယ်၍ဖြစ်ပေါ်စေသည်ကိုတွေ့ရသည်။

## ၆.၅ ရာသီခွင်ပြဇယား




### ကမာမိုကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်

ကမာမိုကျေးရွာအနေဖြင့် စပါး ၊ခြံစိုက်ပျိုးခြင်းလုပ်ငန်းတို့ကိုလုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးကြသည်။ သောက်သုံးရေနှစ်စဉ်ရှားပါးမှုကို ကြုံတွေ့ရသည်။ တပေါင်းလမှ ကဆုန်လကုန်အထိ ရှားပါးလေ့ရှိသည်။ ကျန်းမာရေးအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါသည် အဖြစ်များသည်။ လယ်ကွင်းများခြင်း၊ ချောင်း၊ မြောင်းများ ရေစီးရေလာမကောင်းခြင်းတို့ကြောင့် ဖြစ်သည်။ (၁၂) လရာသီတွင် ပွဲတော်မှာ (၉) လခန့်ရှိသည်။ တန်းခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲနှင့် နှစ်ကြိုပ်ရှစ်ဆူပူဇော်ပွဲ၊ တန်ဆောင်းမုန်းလတွင် ကထိန်ပွဲနှင့် တန်ဆောင်တိုင်ပွဲတော်၊ တပေါင်းလတွင် ကျေးရွာဘုရားပွဲ၊ သဲပုံစေတီပွဲနှင့် ရဟန်းခံရှင်ပြုပွဲများ နှစ်စဉ်ကျင်းပလေ့ရှိသည်။

ယခုအခါတွင် လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းတို့တွင် လုပ်သားရှားပါးသည့် အခက်အခဲနှင့်ကြုံတွေ့နေရသည်။ ပွဲတော်ကျင်းပချိန်နှင့်တိုက်ဆိုင်ပါက လူထုပူးပေါင်းပါဝင်မှု အားနည်းကြသည်။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



ကမာမို**ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ကမာမိုကျေးရွာတွင် အမျိုးသား/သမီး ကွာခြားမှုမများသည်ကိုတွေ့ရသည်။ အုပ်ချုပ်မှုကဏ္ဍတွင် အမျိုးသားများက ပိုမိုသည်ကိုတွေ့ရသည်။ ယာဉ်များ၊ ကျွဲ၊ နွား၊ ချောင်း၊ မြောင်း၊ ဟာလာစက်၊ လယ်လုပ်ငန်း၊ မြေများကို အမျိုးသားများမှ ပိုမိုထိန်းချုပ်ကြသည်။ အမျိုးသားများမှ အဓိကဦးစီးပြီး လုပ်ကိုင်သောလုပ်ငန်းများလည်းဖြစ်သည်။ ဈေးဆိုင်နှင့်ပတ်သက်သည့်ကိစ္စရပ်များတွင် အမျိုးသမီးများမှ ထိန်းချုပ်လေ့ရှိကြသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်**
( ကမာမိုကျေးရွာအုပ်စု၊ကမာမိုကျေးရွာ)

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ | ဖွဲ့စည်းသည့် ရက်စွဲ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီအမည် | ရာထူး |
|---|---|---|---|---|---|
| ၁ | ကမာမို | ကမာမို | ၃-၇-၂၀၂၃ | ဦးထွန်းမြင့် | ဥက္ကဌ |
| ၂ | | | | ဦးစိုးဝင်း | အတွင်းရေးမှူး |
| ၃ | | | | ဦးညဏ်ဝင်း | ဥက္ကဌ |
| ၄ | | | | ဦးမြင့်မောင်လေး | ဘဏ္ဍာရေးမှူး |
| ၅ | | | | ဦးအောင်ဆန်းဦး | စာရင်းကိုင် |
| ၆ | | | | ဦးဖေယျာဦး | အဖွဲ့ဝင် |
| ၇ | | | | ဦးမြင့်လွင် | အဖွဲ့ဝင် |
| ၈ | | | | ဒေါ်အေးမော် | အဖွဲ့ဝင် |
| ၉ | | | | ဒေါ်အေးမြိုင် | အဖွဲ့ဝင် |
| | စုစုပေါင်း | | | (၇)ဦး | |
| | | | | | |

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း |
| ၃ | ကျား/မ | အလုပ်အကိုင်ရှားပါးသဖြင့် ပုံမှန်ဝင်ငွေမရှိခြင်း |

## ၁၅။ ၂၀၂၃-၂၀၂၄ခု နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စိုက်ပျိုးနည်းသင်တန်း | ကျား/မ | | |
| | ၂ | အလှပြင်သင်တန်း | ကျား/မ | | |
| | ၃ | စက်ချုပ်သင်တန်း | မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။